ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၂၈)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်**

**( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၃း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို ၁၃း၃၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၃၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၃း၃၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမ အကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၉၂.၅၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၃း၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၂၈)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ<br>ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃း၃၅။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကျန်းမာရေး။ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးမြင့်၊ မကွေး (၆)၊ ကျန်းမာရေး။ ဦးတင်မောင်မြင့်၊ တနင်္သာရီ(၃)၊ ကျန်းမာရေး။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို<br>မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃း၃၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို တက်ရောက်ခွင့် ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၇)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြု ထားသူ(၁၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လုပ်သက်ခွင့် ခံစားပိုင်ခွင့်(၁)လကို အမြဲတမ်း စုဆောင်းခံစားပိုင်ခွင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၃၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)(ဥက္ကဋ္ဌ၊ ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ)က လုပ်သက်ခွင့် ခံစားပိုင်ခွင့်(၁)လကို အမြဲတမ်း စုဆောင်းခံစားပိုင်ခွင့် ပြင်ဆင်သတ်မှတ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၃၇။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် ဝန်ကြီးများ၊ ကျွန်မတို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကြွရောက်နေကြသော ကျန်တဲ့ လူကြီးမင်းများအားလုံးပဲ မင်္ဂလာကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ အခု ဒီမေးခွန်းကို မေးမှာက နိုင်ငံ့ဝန်ထမ်းတွေအတွက် ရပိုင်ခွင့်တစ်ခုအနေနဲ့ မဟုတ်ဘဲ ဒါ ကျွန်မတို့ လူသားချင်းစာနာ ထောက်ထားမှု၊ ညှာတာမှုအနေနဲ့သာ ကျွန်မက ပြည်သူ့ကိုယ်စား၊ နိုင်ငံ့ဝန်ထမ်းတွေကိုယ်စား မေးမြန်း

မှာဖြစ်ပါတယ်။ အချိန်အင်မတန်နည်းသွားပြီ ဖြစ်သော်ငြားလည်းပဲ နိုင်ငံ့ဝန်ထမ်းများရဲ့ မေတ္တာရပ်ခံချက် အရ ကျွန်မ ဒီမေးခွန်းကို နောက်ဆုံးအနေနှင့် မေးမြန်းတာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၁(ဃ)မှာ နိုင်ငံသားများရဲ့ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်တာဝန်နှင့် တားမြစ်ချက်များ ထိရောက် ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းရမည်လို့ ပြဋ္ဌာန်းထားပြီးတော့၊ ပုဒ်မ ၂၆(ခ)မှာ နိုင်ငံတော် သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင် အာမခံချက်ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ် နေမှု သက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့် ဥပဒေများပြဋ္ဌာန်းရမည်လို့ ဖွင့်ဆိုထားပါတယ်။ အဲဒီ ဖွင့်ဆိုချက်များနှင့်အညီ နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းပေးပြီးတော့ ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။

ဒါပေမဲ့ အရင်က နိုင်ငံ့ဝန်ထမ်းတွေ စုဆောင်းခံစားခွင့်ရတဲ့ လုပ်သက်ခွင့်(၄)လအစား ယခု နည်းဥပဒေသစ်မှာ(၁)လ စုဆောင်းခွင့်ရှိသော်လည်း ပြက္ခဒိန်နှစ်(၁)နှစ် ကုန်ဆုံးတိုင်း ယင်းခွင့်(၁) လဟာလည်း ပြက္ခဒိန်နှစ်(၁)နှစ် ကုန်တာနဲ့တစ်ပြိုင်နက် လုံးဝခံစားခွင့်မရှိတော့ဘဲနဲ့ သူက အလို အလျောက် ပျက်ပြယ်ပြီးဖြစ်ပါတယ်။ အရင်တုန်းက (၄)လ စုဆောင်းခွင့်ကို ပယ်ဖျက်ခဲ့သော်လည်း အခု လုပ်သက်ခွင့်(၁)လ စုဆောင်းမိပါက မည်သည့်အချိန်တွင် ခံစားခွင့်တောင်းသည် ဖြစ်စေ၊ ခံစားခွင့်ပေး မည်ဆိုပါက မိသားစုတခြားစီဖြစ်နေကြရသော ဝန်ထမ်းများအတွက် လူမှုရေးအခက်အခဲများ၊ အခြား အခက်အခဲများ အတိုင်းအတာတစ်ခုအထိ အဆင်ပြေချောမွေ့နိုင်မည် ဖြစ်သည့်အပြင် လုပ်ငန်းခွင် ကာလများသည် လုပ်သက်ခွင့် (၁)လ ခံစားရန် လုံလောက်ပြီးဖြစ်ပါလျက် ပြက္ခဒိန်နှစ် (၁)နှစ် ကုန်တိုင်း ခွင့်လည်း ပျက်ပြယ်သွားခြင်းမှာလည်း မဖြစ်သင့်ဘူးလို့ ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၉၃ ရဲ့ ဖွင့်ဆိုချက် ကတော့ အခြေအနေ အရပ်ရပ်အပေါ် မူတည်ပြီး လိုအပ်ခဲ့လျှင် ရာထူးဝန်အဖွဲ့သည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူ ခွင့်ပြုချက်ကိုရယူ၍ ဤနည်းဥပဒေများ၏ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သတ်မှတ် ပြဋ္ဌာန်းခြင်းတို့တွင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အစားထိုးခြင်းများ ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းပါရှိပါတယ်။

ဒါကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁(ဃ)၊ ၂၆(ခ)နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ပုဒ်မ ၂၉၃ တို့အရ နိုင်ငံ့ဝန်ထမ်းများရဲ့-------

**ဥက္ကဋ္ဌ**။ ။ ကဲ မေတ္တာရှင်မလေး ဒေါ်ခင်ဝိုင်းကြည် နိဂုံးချုပ်ပါ။

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင်ကပြန်လည် ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၄၁။**

**ဦးခင်မောင်အေး(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်အေး က ပြန်လည်ဖြေကြား တင်ပြမှာဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် က လုပ်သက်ခွင့် ခံစားပိုင်ခွင့်(၁)လကို အမြဲတမ်း စုဆောင်း ခံစားပိုင်ခွင့် ပြင်ဆင်သတ်မှတ်ပေးပါရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို မေးမြန်းလာပါတယ်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ စပ်လျဉ်း ပြီးတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပြောင်းလဲကျင့်သုံးခဲ့တဲ့ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေဖွဲ့စည်းထားရှိတဲ့ နိုင်ငံတော်အစိုးရသစ် လက်ထက်မှာ ဝန်ကြီးဌာန နှင့် အဖွဲ့အစည်းများရဲ့ ရည်မှန်းချက်၊ မူဝါဒ၊ လုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့စွာ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် အောင်မြင်ပြီးမြောက်စေရန်မှာ နိုင်ငံ့ဝန်ထမ်းများရဲ့ စွမ်းဆောင်ရည်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လုပ်ငန်းခွင်အတွင်း အချိန်ပြည့်တာဝန် ထမ်းဆောင်နိုင်မှုတို့မှာ အဓိက အခန်း ကဏ္ဍမှပါရှိတဲ့အတွက် ယခင်ကကျင့်သုံးခဲ့တဲ့ မူလအခြေခံ နည်းဥပဒေများ၊ နောက်ဆက်တွဲ နည်းဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ကောက်နုတ်ချက် စာစောင်နှင့် ဝန်ထမ်းကျင့်ဝတ်တို့မှာ သတ်မှတ်ပြဋ္ဌာန်းခဲ့တဲ့ ခွင့်ခံစားခွင့်အပါအဝင် ဝန်ထမ်းများ ခံစားခွင့်ရှိတဲ့ အခွင့်အရေးများကို လျော့နည်း သွားခြင်းမရှိစေဘဲ ခေတ်ကာလနှင့်အညီ ချိန်ဆ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း(၈)တွင် နည်းဥပဒေ ၇၀ မှ နည်းဥပဒေ ၁၁၉ အထိ ခွင့်ခံစားခွင့်များကို သတ်မှတ်ပြဋ္ဌာန်းထားရှိပါတယ်။

ယခင် ဝန်ထမ်းစည်းမျဉ်းဆိုင်ရာ ကောက်နုတ်ချက်စာစောင် အပိုဒ် ၇၂ အရ သက်ပြည့် အငြိမ်းစားယူမယ့် ဝန်ထမ်းများကို အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်၊ ခွင့်ပြုရာမှာ အဆိုပါဝန်ထမ်းရဲ့ စုဆောင်းထားရှိတဲ့ လုပ်သက်ခွင့်လက်ကျန်အများဆုံး(၄)လကိုသာ ခွင့်ပြုခဲ့ပါတယ်။ ယခုအခါမှာ နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ ပါ ပြဋ္ဌာန်းချက်အရ လုပ်သက်ခွင့်ကိုစုဆောင်းရန်မလိုဘဲ အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ကို (၄)လအထိ တိုးမြှင့်ခံစားခွင့်ပေးထားပြီးဖြစ်ပါတယ်။ နိုင်ငံ့ ဝန်ထမ်းတစ်ဦးအား လုပ်သက်ခွင့်ကို ခံစားခွင့်ပြုရာမှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၇ နှင့်အညီ ပြက္ခဒိန်နှစ်(၁)နှစ်အတွင်း ခံစားခွင့်ပြုပေးထားတဲ့အပြင် နည်းဥပဒေ ၈၀ တွင် ပြက္ခဒိန်နှစ် အတွင်း ခွင့်စာရင်း၌ ကျန်ရှိသော လုပ်သက်ခွင့်ရက်များကိုလည်း ဆုကြေးအဖြစ် ပျမ်းမျှလစာဖြင့် ခံစား ခွင့်ပြုပေးရန် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းပေးထားပါတယ်။

သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများရဲ့ လစာကို (၄)ကြိမ်တိုင်တိုင် တိုးမြှင့် ပေးခဲ့ပြီးဖြစ်ခြင်းနှင့် နိုင်ငံတော်ရဲ့ ဘဏ္ဍာရေးအခြေအနေအရ အဆိုပါနည်းဥပဒေ ၈၀ ကို ကျင့်သုံးရန် လတ်တလောဆိုင်းငံ့ထားပါတယ်။ အကယ်၍ ပြက္ခဒိန်နှစ်အစပိုင်းတွင် မလွဲမရှောင်သာသည့် လူမှုရေး၊

ကျန်းမာရေးစသော ကိစ္စရပ်များအတွက် အမှန်တကယ်လိုအပ်၍ လုပ်သက်ခွင့် တောင်းခံလာပါက ဝန်ထမ်းစုဆောင်းထားရှိသော လုပ်သက်ခွင့်ရက် လက်ကျန်နည်းပါးမည်ဆိုပါလျှင် ရှောင်တခင်ခွင့်၊ ဆေးလက်မှတ်ခွင့်ကဲ့သို့ အခြားခံစားခွင့်ရှိသော ခွင့်အမျိုးအစားများကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း၏ စီမံခန့်ခွဲမှု နည်းလမ်းအရ ပြင်ဆင် သတ်မှတ်ခွင့်ပြုပေးနိုင်မည်ဖြစ်ပါတယ်။ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ အနေနဲ့လည်း လုပ်သက်ခွင့်နှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အထက်ဖော်ပြပါ ရှင်းလင်းချက် အတိုင်း အဆင်ပြေစွာဖြင့် ကျင့်သုံးဆောင်ရွက်ပေးလျက် ရှိနေပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလမှာ ကုန်ဆုံးတော့မည်ဖြစ်တဲ့အတွက် မေးခွန်းပါ နည်းဥပဒေကို လုပ်ငန်းသဘောသဘာဝအားဖြင့် ဆက်စပ်မှုရှိသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေး သဘောထားရယူ၍ ပြင်ဆင်မည်ဆိုပါက ပြင်ဆင်လိုသည့် စကားရပ်အသုံးအနှုန်းတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြအတည်ပြုချက်ရယူရန် လိုအပ်ခြင်းကြောင့်လည်းကောင်း၊ လက်ရှိအစိုးရအနေဖြင့် အစိုးရအပြောင်းအလဲအတွက် အဖက်ဖက်မှ ပြင်ဆင်နေသည့် ကာလဖြစ်ခြင်းကြောင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဟာလည်း အလွှဲအပြောင်းအတွက် ပြင်ဆင်နေခြင်းကြောင့်လည်းကောင်း အဆိုပါ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေကို ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**တရားမမှု ဖြစ်ပွားနေသော မြေကွက်ကို မြေငှားစာချုပ်(ဂရန်) ထုတ်ပေးထားခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၄၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ဆက်လက်မေးမယ့် ပုဂ္ဂိုလ်ကတော့ မြို့မေတ္တာခံယူမယ့် ဦးဖုန်းမြင့်အောင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က တရားမမှုဖြစ်ပွား နေသော မြေကွက်ကို မြေငှားစာချုပ်(ဂရန်) ထုတ်ပေးထားခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။ (၃)မိနစ်ထက်ကျော်ရင်တော့ တူနဲ့လှမ်းပေါက်လိုက်မယ်။

**အချိန်၊ ၁၃း၄၆။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရန်ကုန်မြို့ တောင်ဥက္ကလာပ(၅)ရပ်ကွက် တကောင်းသမဝါယမအသင်းရဲ့ ဘေးမှာရှိတဲ့ မြေကွက်နဲ့ပတ်သက်လို့ တရားမမှုဖြစ်ပွားနေပါတယ်။ ဖြစ်ပွားနေတဲ့ အကြောင်းအရင်းကတော့ ဒီအသင်းဘေးမှာရှိတဲ့မြေကွက်ကို တကောင်းရောင်းဝယ်ရေး သမဝါယမက ဆိုင်ခန်းများဆောက်ပြီးတော့ ပုဂ္ဂလိကတွေကို အငှားချထားခဲ့ပါတယ်။ ဒါတွေဟာ နှစ်များစွာတော့ ကြာလာခဲ့ပါပြီ။ အခုအချိန်မှာကြတော့ နေထိုင်တဲ့လူတွေက ဒီမြေကို အငှားချထားတဲ့ လူတွေက သူတို့ ပိုင်သင့်တယ်၊ သမဝါယမအသင်းကလည်း ငါတို့ပိုင်သင့်တယ်ဆိုပြီးတော့ အငြင်းပွားမှုတွေနဲ့ ဒီမြို့နယ် တရားရုံးမှာ အမှုဖြစ်နေတာ(၃)နှစ်ခန့် ရှိပါပြီခင်ဗျား။ ဒီကိစ္စနဲ့ပတ်သက်လို့ တကောင်းရောင်းဝယ်ရေးသမဝါယမအသင်းက ကျွန်တော့်ကို ပြောဖူးပါတယ်။ ဒါပေမဲ့ ကျွန်တော်က ငြင်းခဲ့ပါတယ်။ ခင်ဗျားတို့ဒီ တရားစီရင်ရေး မဏ္ဍိုင်ရောက်နေပြီးကိစ္စကို ကျွန်တော်က ဘာမှလုပ်မပေး နိုင်ဘူးဆိုပြီးတော့ ကျွန်တော်အပြတ်ငြင်းခဲ့ပါတယ်။ ဒီလိုပဲသူဟာဆိုလို့ရှိရင် ဒီရန်ကုန်တိုင်းဒေသကြီး

အစိုးရကို ဒီမြေနဲ့ပတ်သက်လို့ အမှုဖြစ်ပွားနေကြောင်း တရားမမှုဖြစ်ပွားနေကြောင်း၊ ဒါကြောင့် အထူး ဂရန်ထုတ်ပေးခြင်း မပြုပါရန်ဆိုပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရကို တကောင်းရောင်းဝယ်ရေး သမဝါယမအသင်းကလည်း စာပို့ခဲ့ကြောင်း ကျွန်တော် သိရှိရပါတယ်ခင်ဗျာ။

ဒါပေမဲ့ အခု ၂၀၁၅ ရောက်တဲ့အခါကျတော့ ဒီသမဝါယမအသင်းရဲ့ ဘေးမှာရှိတဲ့မြေကို ပုဂ္ဂလိက ဒီဆိုင်ခန်းများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက အငှားဂရန်ချ ပေးလိုက်ပါပြီခင်ဗျား။ အဲဒီတော့ သူတို့တွေကလည်း ဒီဟာကြီးရဲ့ ဂရန်ကို တရားရုံးမှာ သက်သေခံအဖြစ် တင်သွင်းခဲ့ပါတယ်။ ဒါ့ကြောင့် တရားရုံးက မူလစစ်ဆေးတဲ့အမှုက နေပြီး အခြေအနေပြောင်းသွားပါပြီ။ ဒါဘာကြောင့်လဲဆိုရင် အုပ်ချုပ်ရေးကဏ္ဍကနေပြီး ဂရန်ထုတ် ပေးလို့ပါပဲခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တရားစီရင်ရေးမဏ္ဍိုင်က လွတ်လပ်ရပါမယ်။ ကျွန်တော်တို့ တရား စီရင်ရေးမဏ္ဍိုင် မပြီးပြတ်ခင်မှာ လွှတ်တော်ဘက် ဥပဒေပြုရေးလွှတ်တော်ဘက်ကရော၊ ကျွန်တော်တို့ အုပ်ချုပ်ရေးဘက်ကရော ဝင်ရောက်စွက်ဖက်ခြင်းမရှိရပါဘူး။ ဒါပေမဲ့အခုကတော့ အုပ်ချုပ်ရေးဘက်က နေ ပြီးတော့ဝင်ရောက်စွက်ဖက်ပြီး ဂရန်ပေးလိုက်ပါတယ်ခင်ဗျား။ ဒါဟာ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ လွတ်လပ်မှုကို ထိပါးနေတာပါပဲ။ ဒါကြောင့် တရားစီရင်ရေးမဏ္ဍိုင် ပြီးပြတ်သည့်တိုင်အောင် ဆုံးဖြတ် သည့်တိုင်အောင်စောင့်ပြီးမှ တရားစီရင်ရေးမဏ္ဍိုင်ရဲ့ ဆုံးဖြတ်ချက်အတိုင်း မူတည်ပြီးတော့ ပိုင်ဆိုင်ခွင့် ဂရန်များထုတ်ပေးသင့်တဲ့အတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၃း၄၈။**

**ဦးကျော်ကျော်ဝင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည် တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ၏ မေးမြန်းချက်နဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား လေးစားစွာနဲ့ ဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ် ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းမပေါ်ရှိ မြေတိုင်း ရပ်ကွက်၊ အမှတ်(၅)၊ မြေကွက်အမှတ် ၁/၁၀၆၈၊ ဧရိယာ (၄၄ x ၄၀) မြေအမျိုးအစား တစ်နှစ်ယာယီ လိုင်စင်မြေ၊ အမည်ပေါက် တကောင်းရောင်းဝယ်ရေး သမဝါယမအသင်းအား ရန်ကုန်မြို့တော် စည်ပင်

သာယာရေးကော်မတီမှ ၇-၆-၁၉၉၉ ရက်နေ့မှ ၂၂-၅-၂၀၀၇ ရက်နေ့အထိ ယာယီမြေ အသုံးပြုခွင့်အား (၃)နှစ်သက်တမ်း (၂)ကြိမ်နှင့် (၁)နှစ်သက်တမ်း(၁)ကြိမ် ခွင့်ပြုခဲ့ခြင်း ဖြစ်ပါတယ်။

အဆိုပါ တကောင်းရောင်းဝယ်ရေး သမဝါယမအသင်းမှ ၈-၅-၂၀၁၅ ရက်စွဲဖြင့် အထက်အပိုဒ် ပါ ယာယီမြေအသုံးပြု ခွင့်ပြုမိန့်ပါ ဧရိယာ (၄၄ ပေ x ၄၀ ပေ)နှင့် ဆက်စပ်တည်ရှိသော မြေဧရိယာ (၁၂၀ ပေx ၅၀ ပေ) ကိုပါ တစ်ပေါင်းတစ်စည်းတည်း ယာယီမြေအသုံးပြုခွင့် လျှောက်ထားလာခဲ့ပါတယ်။ တကောင်းရောင်းဝယ်ရေး သမဝါယမအသင်း၏ လျှောက်ထားမှုအား မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းစစ်ဆေးခဲ့ရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ယာယီမြေ အသုံးပြုခွင့်ဖြင့် ခွင့်ပြုထားရှိသော ဧရိယာ (၄၄ ပေx၄၀ ပေ)အပြင် ဆက်စပ်တည်ရှိနေသော မြေလွတ်ဧရိယာများကိုပါ ခွင့်ပြုချက်မဲ့ဖြင့် လုပ်ငန်းစုံဆိုင်ခန်းများကို နှစ်ကာလကြာမြင့်စွာ အခန်းဖွဲ့ငှားရမ်း ဆောင်ရွက်ထားရှိကြောင်းစစ်ဆေးတွေ့ရှိရသဖြင့်၊ အဆိုပါ ယာယီသုံးစွဲခွင့်ဧရိယာထက်ကျော်လွန်၍ ငှားရမ်းထားရှိသော ဆိုင်ခန်းများကို ဖျက်သိမ်းဖယ်ရှားပြီးမှသာ ယာယီမြေအသုံးပြုခွင့်အမိန့်အား ခွင့်ပြု ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ကြားခဲ့ပါတယ်။

တကောင်းရောင်းဝယ်ရေး သမဝါယမအသင်း အနေဖြင့် မြေပြင်တွင် ယာယီမြေအသုံးပြုခွင့်ဧရိယာကျော်လွန်၍ လုပ်ငန်းစုံဆိုင်ခန်းများ ငှားရမ်းဆောင်ရွက်ခြင်းသာမက ယာယီမြေအသုံးပြုခွင့်အမိန့် လိုင်စင်သည် ၂၂-၅-၂၀၀၇ ရက်နေ့တွင် သက်တမ်းကုန်ဆုံးခဲ့သော်လည်း ၇-၅-၂၀၁၅ ရက်နေ့ထိ ထပ်မံ၍သက်တမ်းတိုးမြှင့်လျှောက်ထားခြင်း၊ ဆောင်ရွက်ခဲ့မှုမရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ကြယ်ပွင့်ပြမေးခွန်းပါ အမှုဖြစ်မြေကွက်ပေါ်တွင် မြေငှားအထူးဂရန် စာချုပ်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ စိစစ်ခဲ့ရာ တကောင်းရောင်းဝယ်ရေးသမဝါယမအသင်း၏ ယာယီမြေအသုံးပြုခွင့်အမိန့်လိုင်စင်ဖြင့် အသုံးပြုခွင့်ရရှိထားသော မြေကွက်အမှတ် (၁/၁၀၆၀)နှင့် ဆက်စပ်တည်ရှိသည့် တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၅ ရှိ (၃၀ ပေ x ၈၀ ပေ) မြေကွက်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါမြေကွက်အား ဒေါ်ဝေဝေလွင် (၁၂/စခန(နိုင်)၀၆၅၅၄၆)မှ ၎င်းသည် နိုင်ငံတော်စစ်ဆင်ရေး တာဝန်ထမ်းဆောင်ရင်း ၁၁-၁-၂၀၁၃ ရက်နေ့တွင် ရဟတ်ယာဉ်ပျက်ကျ၍ တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သော လေသူရဲ ဗိုလ်မှူးကျော်ထွန်းနောင် ၏ ဇနီးဖြစ်ကြောင်း၊ သူမသည် ငယ်ရွယ်စဥ်ဘဝမှ ယနေ့အထိ မိဘများနှင့်အတူ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ သုမင်္ဂလာလမ်း၊ (၅/၅) သမဝါယမဆိုင်၏ဘေးရှိ မြေကွက်တွင် နေထိုင်လာခဲ့သည်မှာ ယနေ့ထိဖြစ်ကြောင်း၊ ယခု ခင်ပွန်းသည်မှာလည်း တိုင်းပြည်အတွက် အသက်ပေးလှူပြီး ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ၎င်းမြေနေရာအား မြေပြင်အရှိအတိုင်း အထူးဂရန်ချထားပေးပါရန်နှင့် အထူးဂရန်ရရှိပါက ဌာနမှ သတ်မှတ်ထားသော ဝန်ဆောင်ခအား ပေးသွင်းမည်ဖြစ်ကြောင်း ဖော်ပြလျက် ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လိပ်မူတင်ပြ လျှောက်ထားလာခဲ့ပါတယ်။ ဒေါ်ဝေဝေလွင်၏ လျှောက်ထားချက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကွင်းဆင်းစိစစ်ခဲ့ရာ အောက်ပါအတိုင်းစိစစ် တွေ့ရှိရပါတယ်။

လျှောက်ထားမြေကွက်သည် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ သုမင်္ဂလာလမ်း၊ (၅/၅)၊ တကောင်းရောင်းဝယ်ရေး သမဝါယမအသင်း၊ တစ်နှစ်ယာယီမြေအသုံးပြုခွင့် အမိန့်

လိုင်စင်မြေ၊ မြေကွက်အမှတ်(၁/၁၀၆၀)၏ နံဘေးကပ်လျက်တည်ရှိသော မြေကွက်ဖြစ်ပြီး၊ ဧရိယာ (၃၀' x ၈၀') ဖြစ်ပါသည်။ မြေပြင်တွင် မြေစိုက်သွပ်မိုးအဆောက်အဦ တစ်လုံးတည်ရှိပြီး၊ အခန်း (၂)ခန်းဖွဲ့စည်းအသုံးပြုထားကြောင်း စိစစ်တွေ့ရှိရပါသည်။ အခန်းဖွဲ့ အသုံးပြုတည်ရှိမှုမှာ လျှောက်ထားသူ ဒေါ်ဝေဝေလွင် မိသားစုမှ (၁၉' x ၈၀')တစ်ခန်းနှင့် ဦးအောင်စိုးလတ် (၁၂/မရက(နိုင်)၀၆၇၇၃၇)မှ (၁၁' x၈၀')တစ်ခန်း၊ စုစုပေါင်း (၃၀'x၈၀') အသုံးပြုတည်ရှိပါသည်။ အဆိုပါမြေနေရာသည် တကောင်းရောင်းဝယ်ရေး သမဝါယမအသင်း၏ တစ်နှစ်ယာယီမြေ အသုံးပြုခွင့်အမိန့် လိုင်စင်မြေ၊ မြေကွက်အမှတ် (၁/၁၀၆၀)နှင့် ကပ်လျက်ဆက်စပ် တည်ရှိသော်လည်း၊ အဆိုပါ လိုင်စင်မြေကွက် ဧရိယာအတွင်း ပါဝင်ခြင်းမရှိဘဲ မြို့ကွက်ကျမြေပုံ (Block Map)အရ မြေကွက်လပ်ဖြစ်ပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော မြေဖြစ်ပါတယ်။ မြေပြင်တွင် ဦးစိုးအောင်လတ် (၁၂/မရက (နိုင်) ၀၆၇၇၃၇)နှင့် အခန်းဖွဲ့ ပူးတွဲတည်ရှိမှုအရ လျှောက်ထားမှုကိုလည်း၊ ဦးစိုးအောင်လတ် နှင့် ပူးတွဲလျှောက်ထားသင့်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထိုသို့ စိစစ်တွေ့ရှိချက်များအရ ဒေါ်ဝေဝေလွင် ၏ လျှောက်ထားချက်များအား မြေပြင်အခန်းဖွဲ့ ပူးတွဲတည်ရှိနေမှုအရ ဦးစိုးအောင်လတ်နှင့် ပူးတွဲလျှောက်ထားရန် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ စိစစ်သုံးသပ်တင်ပြခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှောက်ထားသူ ဒေါ်ဝေဝေလွင် သို့ (၉-၁၀-၂၀၁၄) ရက်စွဲပါစာအမှတ်၊ ၁/၂-၇(၆)/စီမံဖြင့် အကြောင်းပြန်ကြားချက်အရ ဒေါ်ဝေဝေလွင် (၁၂/စခန (နိုင်)၀၆၅၅၄၆)နှင့် ဦးစိုးအောင်လတ် (၁၂/မရက(နိုင်) ၀၆၇၇၃၇) တို့မှ ၂၂-၁၀-၂၀၁၄ ရက်စွဲပါစာဖြင့် အဆိုပါမြေကွက်အား ၎င်းတို့အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန်ခွင့်ပြုထားပေးရန် လျှောက်ထားလာခဲ့ပါတယ်။ အဆိုပါ လျှောက်ထားမှုအား အထက်ပါစိစစ်ချက်များအရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ လျှောက်ထားမြေကွက်တည်ရှိရာ တောင်ဥက္ကလာပမြို့နယ်၏ အထူးဝန်ဆောင်ခ သတ်မှတ်နှုန်းထား ပေးသွင်းစေပြီး နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) အား (၂၆-၈-၂၀၁၅) ရက်နေ့တွင် ခွင့်ပြုထားခဲ့ပြီး ဖြစ်ပါတယ်။

ထို့သို့ ဒေါ်ဝေဝေလွင် (၁၂/စခန (နိုင်)၀၆၅၅၄၆)နှင့် ဦးစိုးအောင်လတ် (၁၂/မရက(နိုင်) ၀၆၇၇၃၇)တို့အား တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၅)၊ မြေကွက်အမှတ် (၃/၁၀၆၀) ကို နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) ခွင့်ပြုချထားပေးခဲ့ခြင်းနှင့် စပ်လျဥ်း၍ ကြယ်ပွင့်ပြမေးခွန်းပါ တကောင်းရောင်းဝယ်ရေး သမဝါယမအသင်းမှ ကန့်ကွက်ခြင်းအပေါ် စိစစ်ခဲ့ရာတွင်လည်း အဆိုပါမြေကွက်သည် တကောင်းရောင်းဝယ်ရေး သမဝါယမအသင်း၏ ယခင်ခွင့်ပြုခဲ့သည့် တစ်နှစ် ယာယီမြေ အသုံးပြုခွင့်အမိန့် (လိုင်စင်)မြေ၊ မြေကွက်အမှတ်(၁/၁၀၆၀)ဧရိယာ (၄၄'x၄၀')တွင် ပါဝင်ခြင်းမရှိကြောင်းနှင့် မြို့ကွက်ကျမြေပုံ (Block Map)အရ မြေကွက်လပ်အဖြစ် တည်ရှိပြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲခွင့်ရှိသော မြေဖြစ်သည့်အပြင် မြေပြင်တွင် နှစ်ကာလကြာမြင့်စွာ အသုံးပြု တည်ရှိနေမှု ထိုင်မှုအရ နိုင်ငံသား၊ ပြည်သူ၏လျှောက်ထားမှုအပေါ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေ၊ နည်းဥပဒေ၊ မြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြု ဆောင်ရွက်ခြင်းသာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဝန်ကြီး ဖြေတဲ့အဖြေတွေကို ကျွန်တော် လက်ခံပါတယ်။ ကျွန်တော် မေးခွန်းမေးရတဲ့အကြောင်းက ဒီမြေနဲ့ပတ်သက်လို့ အမှုဖြစ်မနေဘူးဆိုလို့ ရှိရင်တော့ ဝန်ကြီးအဖြေနဲ့ပတ်သက်လို့ ကျွန်တော် ရာနှုန်းပြည့် လက်ခံပါတယ်။ ကျွန်တော် အခု ထပ်မံတင်ပြချင်တာက ဒီမြေနဲ့ပတ်သက်လို့ အမှုဖြစ်နေတာ (၃)နှစ်ကျော်လောက်ရှိပါပြီ။ အခုဟာကျတော့ အုပ်ချုပ်ရေးဆိုင်ရာ ဒီအမှုဖြစ်စမှာဆိုလို့ဆိုရင် နှစ်ဖက်လုံးဟာ မြေပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့ ဘာ အထောက်အထားမှ နှစ်ဖက်လုံး မရှိကြပါဘူး ခင်ဗျား။ ဒါပေမဲ့ အခုတော့ အနေအထားဟာ ပြောင်းသွားပါပြီ။ (၃)နှစ်ကျော်တဲ့အခါမှ တစ်ဖက်က အုပ်ချုပ်ရေးအပိုင်းဆိုင်ရာ အထူးအတွက် မြေအထောက်အထား ရသွားပြီ။ အဲဒီတော့ တရားစီရင်ရေးအရ မူလဖြစ်စဉ်တုန်းကတော့ အထောက်အထားတွေနဲ့ နှစ်ဖက်လုံးက အထောက်အထားတွေ မရှိကြဘူး။ အခုဒီ(၃)နှစ်ကျော်တဲ့အခါမှာ တစ်ဖက်က အထောက်အထား ရတယ်ဆိုတော့ ဥပဒေပိုင်းဆိုင်ရာ ဒီတရားစီရင်ရေးရဲ့ ဥပဒေပိုင်း ဆိုင်ရာရှုပ်ထွေးမှုတွေ ဖြစ်နိုင်၊ မဖြစ်နိုင် ရှင်းလင်းဖြေကြားပေးပါ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မဖြစ်နိုင်တော့ဘူးလေ။ မဖြစ်နိုင်တော့ဘူးဆိုတာက မူလသမဝါယမကို ယာယီ ချထားတဲ့ မြေပေးအမိန့်မှာ မပါတဲ့မြေကို ချပေးတာပါ။ သူ့ရဲ့ လုပ်ပိုင်ခွင့်ဘောင်အတွင်းက ချပေးတာပါနော် ဒီဒုတိယဝန်ကြီး ဖြေလို့လည်းမရဘူး။ သူက ရန်ကုန်ကကိစ္စဖြစ်နေတော့ ရန်ကုန်မှာ သွားမေးတော့။ မင်း ပြန်လို့ရပြီ။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ္ဘတော်-တင်းမလမ်းအား ကတ္တရာလမ်း ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၃း၅၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ္ဘတော်-တင်းမလမ်းအား ကတ္တရာလမ်း ပြုလုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာရေးရောက်ရှိနေကြသော လွှတ်တော်ကိုယ်စားလှယ် အသစ်များ အားလုံးကို ကျွန်တော် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ကိုယ်စားလှယ်ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး ကနေပြီးတော့ဒီနေရာကနေ မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နောက်ဆုံးနေ့ အမျိုးသားလွှတ်တော်ရဲ့ နောက်ဆုံးနေ့မှာ ကျွန်တော်ရဲ့မေးခွန်းကို နောက်ဆုံးအနေနဲ့ မေးခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကိုလည်း ကျွန်တော် ဂါရဝများစွာနဲ့ နှုတ်ဆက်ခဲ့ပါတယ်။ ကျွန်တော် ဒီနေ့မေးရမယ့်မေးခွန်းကတော့ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ကျောက်တော်မြို့နယ်ရဲ့ဖွံ့ဖြိုးရေးအတွက် အင်မတန်မှအရေးကြီးတဲ့ လမ္ဘတော်၊ တင်းမလမ်းကို ကတ္တရာ လမ်းပြုလုပ်နိုင်ခြင်း ရှိ/မရှိဆိုတဲ့ မေးခွန်း ကိုမေးမြန်းဖို့ဖြစ်ပါတယ်။ ကျောက်တော်မြို့နယ် အထက်ပိုင်း၊ လမ္ဘတော် -တင်းမလမ်း ဟာမြေသားလမ်း ဖြစ်ပြီးတော့ တံတားတွေ ကျိုးပျက်ပြီးတော့ သွားလာရ ခက်ခဲလျက်ရှိပါသည်။ အဲဒီလမ်းဟာ လမ္ဘတော်နှင့်

တင်းမကျေးရွာ နှစ်ရွာကြားမှာရှိတဲ့ ညောင်ပင်လှကျေးရွာ၊ သကြားစက်၊ ခေါင်းတုတ်ရွာ၊ ကျောက်ဂူစုရွာ၊ အလယ်ကျွန်းရွာ၊ ရွှေပြည်သစ်ရွာ၊ ရွှေပြည်သာစည်ရွာ၊ ကျောက်တောင်ရွာ၊ မာလာခပေါ်ရွာအဲဒီရွာတွေကို ဖြတ်သန်းသွားရပါတယ်။ အဲဒီကျေးရွာတွေမှာနေတဲ့ အိမ်ခြေ(၇၉၀)ရှိပြီးတော့ လူဦးရေဟာ (၄၅၃၀၀)ခန့် နေထိုင်ကြပါတယ်။ သူတို့ အမြဲတမ်း အသုံးပြုနေကြတဲ့လမ်း ဖြစ်ပါတယ်။ မိုးရာသီမှာ ဗွက်ပေါက်နေပြီးတော့ နွေရာသီမှာ ဖုန် တထောင်းထောင်းနဲ့ ဖုန်လမ်း ဖြစ်နေပါတယ်။ သွားရလာရ အလွန် ဒုက္ခရောက်တဲ့အထိပါဘဲ။ အမာခံလမ်းပြုလုပ်ပေးလို့ရှိရင်တော့ ပြည်သူများ သွားလာရ လွယ်ကူပြီး၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် အလွန်အထောက်အကူ ဖြစ်ပါတယ်။ တစ်ခါ အဲဒီလမ်းဟာ စစ်တပ်နယ်မြေကို ဖြတ်သန်းသွားတဲ့အတွက်လည်း ပြည်သူများအတွက်အမြဲတမ်း သွားလာဖို့အတွက် အခက်အခဲရှိပါတယ်။ အဲဒါကြောင့်မို့ အဲဒီတပ်နယ်မြေကို ရှောင်းကွင်းပြီးတော့မှ ဖောက်လုပ်ပေးနိုင်ရင်တော့ အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရပ်ကွက်နေ ပြည်သူများ အကျိုးအတွက် လမ္ဘတော်၊ တင်းမလမ်းကို ကတ္တရာလမ်းပြု လုပ်နိုင်ခြင်း ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းနဲ့ ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက နောက်အစိုးရလက်ထက်မှာ လုပ်ပေးမယ်လို့ ဖြေပေးလိုက်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၄း၀၀။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးဝန်ကြီးဌာန)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေဖို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ လမ္ဘတော်-တင်းမလမ်းဟာ ကျောက်ချောလမ်း (၁)မိုင်နဲ့ (၄)ဖာလုံ၊ မြေသားလမ်း(၁၁)မိုင်နဲ့ (၄)ဖာလုံ ရှိပါတယ်။ စုစုပေါင်း(၁၃) မိုင်ရှိတဲ့ ကျေးရွာချင်းဆက်လမ်း ဖြစ်ပါတယ်။ အဲဒီမှာ ကျေးရွာပေါင်း (၆၀၀)၊ အိမ်ခြေ (၁၀၀၀)ကျော်ကို အကျိုးပြုပါတယ်။ အဆိုပါလမ်းကို ၂၀၁၅-၁၆ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နတလ ရန်ပုံငွေဖြင့် ကျောက်ချော လမ်း(၃)မိုင်၊ ၂၀၁၅-၁၆မှာတော့ ကျွန်တော်တို့ ကျေးလက်ဦးစီးဌာနမှာ ကျွန်တော်တို့ ကျောက်ချောလမ်း ကျွန်တော်တို့ စုစုပေါင်း ကျွန်တော်တို့ (၂)မိုင်၊ အားလုံးပေါင်း(၅)မိုင် ဆောင်ရွက်လျက် ရှိပါတယ်။ အဲဒီတော့ လမ္ဘတော်၊ တင်းမလမ်း ကတ္တရာခင်းခြင်း ဆောင်ရွက်လို့ရှိရင် ကျွန်တော်တို့ စုစုပေါင်း ကုန်ကျမယ့်ငွေကတော့ (၁၅၀၆.၁၈)သန်း ကုန်ကျပါတယ်။

ရခိုင်ပြည်နယ်၊ တစ်ပြည်နယ်လုံးမှာ ဒီနှစ်၊ ယခုနှစ် ၂၀၁၅-၁၆မှာ ရန်ပုံငွေ(၁၃၆၈၂)သန်း (၁၃.၆၈)ဘီလီယံ ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။ ကျောက်တော်မြို့ချုပ်အနေနဲ့ကျွန်တော် တင်ပြရရင် ကျောက်တော်မြို့ကို ၂၀၁၅-၁၆ ယခုနှစ် ဘဏ္ဍာရေးနှစ်မှာ (၅၂၃)သန်း ကျွန်တော်တို့ ခွင့်ပြုထားပါတယ်။ ကျောက်ချောလမ်း(၂)မိုင်၊ မြေသားလမ်း(၁၄)မိုင် နဲ့ (၄)ဖာလုံ၊ နောက်တံတား(၂၀၂)ပေနဲ့ ရေပြွန်

(၂၅)ပေတို့ ခွင့်ပြုထားပါတယ်။ ယခု ကျွန်တော်တို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ကျောက်တော်မြို့နယ်အတွင်းမှာရှိတဲ့ လမ္ဘတော်- တင်းမလမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း ကို ကျွန်တော် ၂၀၁၆-၁၇ လာမယ့်နှစ်မှာတော့ ကျွန်တော်တို့ (၂)မိုင်ကျောက်ချောလမ်း၊ ငွေအားဖြင့် ကျွန်တော်တို့ (၁၈၄.၄၆)သန်း ပါရှိပါကြောင်း၊ လျာထားပါကြောင်း လေးစားစွာဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မန္တလေးတိုင်းဒေသကြီးအတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်း ကောက်ယူပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၄း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်ဝင်း က မန္တလေးတိုင်းဒေသကြီးအတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်း ကောက်ယူပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၃။**

**ဦးတင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ ပြည်ထောင်စု ဒုတိယဝန်ကြီးနှင့် အစည်းအဝေး တက်ရောက်သူ၊ လေ့လာသူအားလုံး လေးစားပါကြောင်း ပထမဦးစွာ တင်ပြဂါရဝပြုပါတယ်။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ အခု ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ မန္တလေးတိုင်းဒေသကြီး အတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်း ကောက်ယူအတည်ပြုပေးဖို့ အစီအစဉ် ရှိ/မရှိ အဲဒီမေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

အဲတော့ မန္တလေးတိုင်းအတွင်းမှာတော့ လီဆူတွေ အခြေပြုနေထိုင်တဲ့နေရာက အဓိကအားဖြင့် (၃)မြို့ပဲဖြစ်ပါတယ်။ ပြင်ဦးလွင်မြို့ နောက် သပိတ်ကျင်း နောက်တစ်ခါ မိုးကုတ်မြို့ အဲဒီ(၃)မြို့ မှာပဲ လီဆူတွေ အများအပြားနေထိုင်ပါတယ်။ အဲ မြို့နယ်(၃)ခုထဲမှာ မိုးကုတ်မြို့နယ်မှာ လူဦးရေ အများဆုံး ဖြစ်ပါတယ်။ အဲဒီတော့ ဒီ လီဆူတိုင်းရင်းသားတွေ အနေနဲ့ ၂၀၁၅ခုနှစ်၊ ဇူလိုင်လအထိ သူတို့ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ သူတို့အစီအစဉ်အရ လူဦးရေစာရင်းကောက်ယူကြတာ (၅၂၁၀၃)ဦး ရှိကြောင်းစာရင်းဇယားတွေပြုစု ထားပါတယ်။ နောက်ကျန်နေသေးတဲ့ ကျေးရွာတွေပါ ဆက်လက် ကောက်ယူမယ်ဆိုရင် လူဦးရေ (၇)သောင်းကျော်ထိ ဖြစ်မယ်လို့ ဆွေးနွေးတင်ပြထားတာရှိပါတယ်။ အဲဒီတော့ ဒီလူဦးရေစာရင်းက ဘာကိုရည်ညွှန်းပါသလဲဆိုလို့ရှိရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၁၆၁)၊ ပုဒ်မခွဲ(ဂ) အဲဒီအရ ပြည်ထောင်စု လူဦးရေရဲ့ (၀.၀၁)ရာခိုင်နှုန်း ရှိလို့ရှိရင် တိုင်းရင်းသားရေးရာ ဝန်ကြီးတစ်ပါး ခန့်ထားပေးနိုင်တယ်ဆိုတဲ့အချက်ကို မျှော်လင့်နေခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ခုန မြို့နယ် (၃)ခုစလုံးပေါင်းပြီးတော့ ဒီလူဦးရေက သူတို့ရဲ့ တိုင်းရင်းသား ရေးရာတွေ ဆောင်ရွက်ဖို့အတွက် လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (သို့မဟုတ်) ဒူးလေးပါတီ ဆိုပြီး နိုင်ငံရေးပါတီတစ်ခု ဖွဲ့ထားပါတယ်။ အဲလို ဖွဲ့ထားပြီးနောက် ၂၀၁၅ ရွေးကောက်ပွဲကာလမှာ ပြည်သူ့လွှတ်တော်နဲ့ တိုင်းဒေသကြီးလွှတ်တော်အတွက် ကိုယ်စားလှယ်လောင်းတွေ ဝင်ရောက်ပြီးတော့ ယှဉ်ပြိုင်ခဲ့တာလည်းရှိပါတယ်။ နောက်တစ်ခါ ၂၀၁၅၊ ဇူလိုင်လထဲမှာဘဲ ပြည်ထောင်စုရွေးကောက်ပွဲ

ကော်မရှင်ဥက္ကဋ္ဌ နေပြည်တော်သို့ လိပ်မူပြီးတော့ မန္တလေးတိုင်းဒေသကြီး၊ လီဆူရေးရာ လီဆူတိုင်းရင်းသားရေးရာဝန်ကြီးနေရာ ရရှိနိုင်ရေးအတွက် အစီရင်ခံ တင်ပြတောင်းဆိုခြင်းကိစ္စဆိုပြီးတော့ စာနဲ့ တင်ပြထားပါတယ်။

**ဥက္ကဋ္ဌ။** ။ နိဂုံးချုပ်ပါ။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၄း၀၇။**

**ဦးဝင်းမြင့် (ဒုတိယဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်းဆုမွန်ကောင်းတောင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၃) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ရဲ့ မန္တလေးတိုင်းဒေသကြီး အတွင်း လီဆူတိုင်းရင်းသား လူဦးရေစာရင်း ကောက်ယူပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်၍ ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဟာ လုပ်ငန်းပမာဏ အလွန်ကြီးမားပြီးတော့မှ ငွေကြေးကုန်ကျအလွန်များသည့်လုပ်ငန်းဖြစ်သဖြင့် နိုင်ငံအများစုမှာ (၁၀)နှစ်လျှင် တစ်ကြိမ်သာကောက်ယူလေ့ရှိပါတယ်။ တစ်ချို့နိုင်ငံတွင်မူ (၅)နှစ် တစ်ကြိမ် ကောက်ယူလေ့ရှိကြောင်းတွေ့ရှိရပါတယ်။ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့်စာရင်းအချက်အလက်များအနက် အဓိကကျသည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းမှသာ ရရှိနိုင်သည့်အတွက် ပြည်လုံးကျွတ် လူဦးရေအကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို ဆောင်ရွက်ကြခြင်းဖြစ်ပဲ ဖြစ်ပါတယ်။ တိကျမှန်ကန်သောလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များရရှိရန် နိုင်ငံတကာပညာရှင်များ၏ အကြံဉာဏ်ကို ရယူ၍ လည်းကောင်း၊ နိုင်ငံ၏ လိုအပ်ချက်များကို အခြေခံ၍လည်းကောင်း၊ နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ သန်းခေါင် စာရင်း မေးခွန်းပုံစံကို ပြုစု၍ ကောက်ယူခဲ့ကြခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း မေးခွန်းပုံစံတွင် မေးခွန်း(၄၁)ချက်ပြုစုပြီးတော့မှ သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်း ဖြစ်ပါတယ်။ ယင်းမေးခွန်း (၄၁)ချက်ပါ အချက်အလက်များဖြစ်သော အမည်၊ အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံ၊ ကျား/မ၊ ပြည့်ပြီးအသက်၊ အိမ်ထောင်ရေးအခြေအနေ၊ ကိုးကွယ်သည့်ဘာသာ၊ လူမျိုး၊ ကိုင်ဆောင်သည့်ကတ်ပြားအမျိုးအစား၊ မသန်စွမ်းမှုအခြေအနေ၊ ပြောင်းရွှေ့သွားလာ

ခြင်းအကြောင်းအရာ၊ ပညာရေးအကြောင်းအရာ၊ လုပ်သားအင်အားအကြောင်းအရာ၊ မွေးဖွားခြင်း/ ကလေးသေဆုံးခြင်းအကြောင်းအရာ၊ အိမ်အကြောင်းအရာများ၊ နိုင်ငံခြားရောက် အိမ်ထောင်စုဝင်များနှင့် သေဆုံးခြင်း အကြောင်းအရာများကို ပြည့်စုံစွာ မေးမြန်းကောက်ယူခဲ့ပြီး ဖြစ်ပါတယ်။

၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူရာမှာ လူမျိုးအမည် ရွေးချယ်ခြင်းဟာ တိုင်းရင်းသားတို့၏ ရပိုင်ခွင့်နှင့် ကိုယ်ပိုင်အခွင့်အရေးဖြစ်သဖြင့် လူမျိုးနှင့်ပတ်သက်သော မေးခွန်းအား ဖြေဆိုသူပြောသည့် အမည်အတိုင်းသာ ဖြည့်သွင်းကောက်ယူခဲ့ခြင်းဖြစ်ပါတယ်။ လူမျိုးအမည်အသစ်ကို ဖြေဆိုပါက လူမျိုးအမည်အသစ် အလိုလိုစာရင်းဝင် သွားမည်ဖြစ်ပြီး မူလလူမျိုး အမည်မဖြေပါက မူလ လူမျိုးအမည်မှ အလိုလို ပယ်ဖျက်သွားမည်ဖြစ်ပါတယ်။ သန်းခေါင်စာရင်း ကောက်ယူရရှိမှုအပေါ် မူတည်၍ လက်ရှိအခြေအနေတွင် လျော့နည်း၊ ကွယ်ပျောက်၊ တိုးပွားလာသည့် လူမျိုးစုများရှိ/မရှိ၊ အမည်၊ သတ်မှတ်ချက်၊ သတ်ပုံသတ်ညွှန်းမှအစ မှန်ကန်၊ ကိုက်ညီမှုရှိ/မရှိ စသည်တို့အား ဒုတိယအဆင့် အဖြစ် အကြံပြုချက်များ၊ ပူးပေါင်းညှိနှိုင်းချက်များဖြင့် ပြန်လည်စိစစ်အတည်ပြုသွားမှာဖြစ်ပါတယ်။

၂၀၁၄ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ တိုင်းရင်းသားစာရင်း၊ လူမျိုးစာရင်းကြမ်းထွက်လာချိန်မှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြ၍ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် အဆင့်ဆင့်သော အကြေအလည် ဆွေးနွေးမှုများ ပြုလုပ်ပြီး၍ တိုင်းရင်းသား လူမျိုး အမည်များ သတ်မှတ်ပြီးမှာသာလျှင် အတည်ပြုချက်ရယူ၍ ထုတ်ပြန်သွားမည် ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။ သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လီဆူတိုင်းရင်းသား လူဦးရေစာရင်း အား ထပ်မံကောက်ယူပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

**အချိန်၊ ၁၄း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသား လွှတ်တော် သက်တမ်းကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်း ပေါ်ပေါက်လာတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော်ရဲ့ လုပ်ငန်းများဟာ ယနေ့ဆိုရင် ပြီးဆုံးပြီ ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ နှုတ်ခွန်းဆက် အမှာစကားပြောကြားလိုပါတယ်။

ပထမအကြိမ် လွှတ်တော် ပုံမှန်အစည်းအဝေးများကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ မှာ စတင်ခေါ်ယူခဲ့ပါတယ်။ အဲဒီနေ့ဟာ ပါလီမန်ဒီမိုကရေစီစနစ်ကို လွှတ်တော်ရဲ့ဓလေ့ထုံးတမ်း အစဉ် အလာများနဲ့အညီ စတင်ကျင့်သုံးခဲ့တဲ့ပထမနေ့လည်းဖြစ်ပါတယ်။ အဲဒီနေ့အစည်းအဝေးမှာပဲ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မိမိအား တညီတညွတ်တည်း

ရွေးကောက်တင်မြှောက်ပေးခဲ့သဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ အနေဖြင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်နာယက အနေနဲ့လည်းကောင်း ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို စတင်ထမ်းဆောင် ခဲ့ပါတယ်။ ဒီလိုတာဝန်ကို စတင်ထမ်းဆောင်တဲ့ နေရာမှာ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ သမာသမတ်ကျကျ ဆောင်ရွက်သွားမယ့်အကြောင်း ကတိပေးစကား ပြောကြားခဲ့သည့် အတိုင်း ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်စဉ် လွှတ်တော်အစည်းအဝေးများ စနစ်တကျကျင်းပရေး၊ လွှတ်တော်ဆိုင်ရာ အခင်းအကျင်းများ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်းလမ်းညွှန်အဖြစ် မှတ်ယူရမည့်ကိစ္စများ၊ လွှတ်တော်၏ထုံးတမ်းစဉ်လာများ၊ လွှတ်တော်အပေါ် အလေးအနက်ထားရှိရမယ့်အချက်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ပြောဆိုရာမှာ ဆောင်ရန်၊ ရှောင်ရန်များကို နောင်လာနောက်သား သားစဉ်မြေးမြစ်အထိ စနစ်တကျ စံထုံးများဖြစ် အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ နေ့လယ် (၁၅း၀၀) နာရီမှာ စတင်ကျင်းပ ခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၆၊ ပုဒ်မခွဲ (က) အရ လွှတ်တော် သက်တမ်း စတင်သည့်နေ့ရက်မှ လပေါင်း(၃၀)ကို ပြည်ထောင်စု လွှတ်တော် နာယကအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော် နာယကအနေနဲ့ လွှတ်တော် ကိုယ်စားလှယ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို တိတိကျကျ လိုက်နာကြဖို့ တိုက်တွန်းခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ တူညီတဲ့ရည်မှန်းချက်ကတော့ နိုင်ငံတော် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေလိုတဲ့ ဆန္ဒ၊ နိုင်ငံတော်နဲ့ နိုင်ငံသားများ လူမှုဘဝ အဆင်ပြေ စေလိုတဲ့ဆန္ဒ တူတူညီညီရှိကြတဲ့အတွက် နိုင်ငံတော်နဲ့ နိုင်ငံသားများ၏ အကျိုးစီးပွားတွေကို ပါတီစွဲမထားဘဲ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့ တိုင်တိုင်ပင်ပင်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်ကြ ဖို့ကိုလည်း တိုက်တွန်းခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

နာယကအနေနဲ့ပထမဦးစွာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်တဲ့ သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးမှာ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင် မြှောက်ခြင်းဆိုင်ရာ ဥပဒေနဲ့ နည်းဥပဒေများအရ ဒုတိယသမ္မတ သုံးဦးအနက်ကနေ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတ နှစ်ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။

ပြည်ထောင်စုလွှတ်တော်မှာ-

- နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူက တင်သွင်းလာတဲ့ ပြည်ထောင်စု အစိုးရဝန်ကြီးဌာန(၃၄)ဌာန သတ်မှတ်ရေး ကိစ္စ၊
- ယင်းဝန်ကြီးဌာနများမှာ ပြည်ထောင်စုဝန်ကြီးများအဖြစ် တာဝန်ပေး ခန့်အပ်ခြင်းခံရသူ အမည်စာရင်းကို လွှတ်တော်၏ သဘောထားရယူ၍ အတည်ပြုခြင်း ကိစ္စ၊
- နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ဖွဲ့စည်းခန့်အပ် တာဝန်ပေးခြင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဖွဲ့စည်း ခန့်အပ်တာဝန်ပေးခြင်းကိစ္စ၊

- ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးဦးရေ သတ်မှတ်ခြင်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်းကိစ္စ၊
- ပြည်ထောင်စုရှေ့နေချုပ်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ခန့်အပ် တာဝန်ပေးခြင်းကိစ္စ၊
- ပြည်ထောင်စုလွှတ်တော်ရဲ့ ဥပဒေကြမ်းပူးပေါင်းကော်မတီ၊
- ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနဲ့
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပါ တယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

နိုင်ငံတော်အာဏာအရပ်ရပ်ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအစိုးရ မှ ဒီမိုကရေစီအစိုးရသို့ တရားဝင်လွှဲပြောင်းရာမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့ အစည်းဝင်များနှင့် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့က ဥပဒေနှင့်အညီ ဖွဲ့စည်းခြင်း၊ ရွေးချယ်တင်မြှောက်ခြင်း၊ သဘောတူညီခြင်းများကို ရယူဆောင်ရွက်ပြီး ဖြစ်တဲ့အတွက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များအား ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက် နေ့မှာ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးမှာ ကတိသစ္စာပြုခြင်းနှင့် ဥပဒေအရ ဆက်လက် ဆောင်ရွက်ရန် ကိစ္စများကို အောင်မြင်စွာ ဦးဆောင်ကြီးကြပ် ဆောင်ရွက်ခဲ့ပါတယ်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးမှ ဆဋ္ဌမ ပုံမှန်အစည်းအဝေးအထိ အစည်းအဝေး(၆)ကြိမ်၊ အထူးအစည်းအဝေး (၁)ကြိမ်တို့ကို ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီ အစည်းအဝေး ကာလများအတွင်း ဥပဒေပေါင်း (၆၀)ကို ဆွေးနွေးဆုံးဖြတ် အတည်ပြုခြင်းများကို ဆောင်ရွက်ပေးခဲ့ ပါတယ်။

ထို့အပြင် ပြည်ထောင်စုလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်အရ အာဆီယံပါလီမန်အမတ်များ ညီလာခံ (AIPA)၊ နိုင်ငံတကာပါလီမန်ဆိုင်ရာ သမဂ္ဂ(IPU)၊ အာရှ-ဥရောပပါလီမန်များ မိတ်ဖက်အစည်းအဝေး (ASEP) အဖွဲ့များကို ဝင်ရောက်နိုင်ခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များ ဆက်သွယ်ဆက်ဆံနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ ပါဝင်တဲ့ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့ Myanmar Parliamentary Union- MPU ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဆိုင်ရာ အစည်းအဝေးများ၊ ဆွေးနွေးပွဲ များ ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

နာယကတာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပြည်သူ့အသံ- လွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒ- လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက်- လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ လွှတ်တော်ရဲ့ ဆောင်ပုဒ် ကိုချမှတ်ပြီး ပြည်သူကို ကိုယ်စားပြုတဲ့ လွှတ်တော်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ လ ၃၁ ရက်၊ တနင်္လာနေ့ နံနက် ၈ နာရီ ၅၅ မိနစ်မှာ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် စတင်ကျင်းပရာ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦးနဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅၆ ဦး၊ စုစုပေါင်း ၂၂၄ ဦး စုံညီစွာ တက်ရောက်ခဲ့ပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ အမျိုးသားလွှတ်တော်ရှိ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့က ဒုတိယသမ္မတတစ်ဦး ရွေးချယ်တင်မြှောက်ပေးရမယ့် တာဝန်ကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီး ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း (ခေါ်) မောင်အုန်း အား ဒုတိယသမ္မတ အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၄-၃-၂၀၁၁)နေ့မှာ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်ချိုနွယ်ဦး ဟာ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၁၁(စ)အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်အဖြစ်ကနေ နုတ်ထွက်ခွင့်ပြုခဲ့ပါတယ်။

ဒ့ါအပြင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကာလအတွင်း ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာစိုင်းမောက်ခမ်း အား ဒုတိယသမ္မတအဖြစ် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းမြင့် အား ပြည်ထောင်စုဝန်ကြီး အဖြစ် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်အေး၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဦးခင်ဇော်၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် တို့အား ဒုတိယဝန်ကြီးများအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံရတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၆)နေရာ လစ်လပ်ခဲ့ပါတယ်။

အဆိုပါ လစ်လပ်ခဲ့တဲ့နေရာများအတွက် ၂၀၁၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲမှာ ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှာ ဦးမင်းဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၃)မှာ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှာ ဦးတင်မြ၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှာ ဦးအောင်ကြည်ညွန့်၊ ရှမ်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှာ ဦးစိုင်းစံမင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)မှာ ဦးသိမ်းဆွေ တို့ကို ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပြီးတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအဖြစ် လွှတ်တော်သို့ တက်ရောက်ခဲ့ကြပါတယ်။

ပဉ္စမပုံမှန်အစည်းအဝေးကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ ဦးသန်းဆွေ ကို ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ ကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ နဝမပုံမှန်အစည်းအဝေးကာလအတွင်း ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဆွန်ဒုတ်ကျင့်နှင့် မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာညီညီထွန်း တို့အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင်များအဖြစ်

လည်းကောင်း၊ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် အား မြန်မာနိုင်ငံလူ့အခွင့်အရေး ကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်များ ပေးအပ်ခဲ့သဖြင့် လွှတ်တော်ကိုယ်စားလှယ်(၅)နေရာ လစ်လပ်ခဲ့ပါတယ်။

စတုတ္ထပုံမှန် အစည်းအဝေးကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဘိုကြီး၊ ဆဋ္ဌမပုံမှန် အစည်းအဝေးကာလအတွင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးကာလအတွင်း မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၇)မှ ဦးသန်းဆွေ နဲ့ ကရင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောငြိမ်းသင် တို့ ကွယ်လွန်သွားတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် (၄)နေရာ ထပ်မံလစ်လပ်ခဲ့ပြီး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ် (၉)နေရာ လစ်လပ်ခဲ့သည့်အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၂၁၅ ဦး ကျန်ရှိပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-

လွှတ်တော်ကော်မတီများ ဖွဲ့စည်းလုပ်ဆောင်ရေးဟာ လွှတ်တော်ရဲ့ အရေးကြီးသော တာဝန်တစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအနေနဲ့ အမြဲတမ်းကော်မတီ(၄)ရပ် ဖြစ်တဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနဲ့ အထောက်အကူပြု ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ အမြဲတမ်း ကော်မတီ(၄)ရပ် အပါအဝင် ကော်မတီ/ကော်မရှင်(၁၇)ခုကို ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီများရဲ့ ဆောင်ရွက်ချက်များကို လွှတ်တော်မှာ ရှင်းလင်းတင်ပြပြီးတဲ့အတွက် အသေးစိတ်ပြောကြားခြင်းမပြုတော့ဘဲ ကော်မတီအသီးသီးရဲ့ ကြိုးပမ်းဆောင်ရွက်ချက်များကို မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၂ မှာ လွှတ်တော်သည် လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ်များမှအပ ကျန်အကြောင်းကိစ္စများကို လေ့လာရန် လိုအပ်ပါက ကော်မရှင်နှင့်အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့် လည်းကောင်း၊ သင့်လျော်သည့် နိုင်ငံသားများ ထည့်သွင်း၍ လည်းကောင်း ဖွဲ့စည်းနိုင်သည်ဟု ဖော်ပြထားသဖြင့် ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို ဥက္ကဋ္ဌအဖြစ် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအောင်ထွန်း အားလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးရဲမြင့် အားလည်းကောင်း တာဝန်ပေးဖွဲ့စည်းခဲ့ပြီး လုပ်ငန်းလိုအပ်ချက်အရ အဆင့်ဆင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ (၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)နေ့မှာ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင် အမည်ဖြင့် ပြောင်းလဲပြင်ဆင် ဖွဲ့စည်းခဲ့ပါတယ်။ ယခုအခါမှာ ဥက္ကဋ္ဌအဖြစ် ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အတွင်းရေးမှူးအဖြစ် ဦးကြည်၊ ညွှန်ကြားရေးမှူး(ငြိမ်း)တို့နဲ့ ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။

နိုင်ငံရေး၊ စီးပွားရေးနှင့်ဥပဒေရေးရာကော်မရှင်အနေနဲ့ ပထမအကြိမ်လွှတ်တော်သက်တမ်းကာလအတွင်း ကော်မရှင်အစည်းအဝေး (၂၇)ကြိမ် ကျင်းပခဲ့ပါတယ်။ ဥပဒေကြမ်း (၇)ခုကို ပြုစုပြီးတော့ အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ အစီရင်ခံစာ (၂)စောင်၊ ဥပဒေနှင့် ကိစ္စရပ် (၅)ခုကို မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ ဥပဒေကိစ္စရပ် (၂)ခုကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း၊ စာတမ်း (၁၆)စောင်၊ အကြံပြုတင်ပြချက် (၁၄)ခု၊ စိစစ်တည်းဖြတ်တဲ့ ဥပဒေကြမ်း (၁၆၂)ခု၊ အလုပ်ရုံဆွေးနွေးပွဲနဲ့ အပြန်အလှန်ဆွေးနွေးပွဲ (၃၅) ကြိမ်၊ နိုင်ငံရေးဆောင်ရွက်ချက်အဖြစ် လေ့လာတင်ပြတဲ့ စာတမ်း (၇)ခု၊ စီးပွားရေးဆောင်ရွက်ချက်အဖြစ် လေ့လာတင်ပြတဲ့ စာတမ်း (၄၃)ခုတို့ကို ပြုစုတင်ပြနိုင်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

အမျိုးသားလွှတ်တော်သည် နိုင်ငံတကာနဲ့ ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး ရှေးရှု၍ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေး အသင်းများ ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒါတွေကတော့-

- အမျိုးသားလွှတ်တော် မြန်မာ - ဗီယက်နမ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - လာအို လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ကမ္ဘောဒီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ထိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ဂျပန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ဩစတြေးလျ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ပြင်သစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ကိုရီးယား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - မလေးရှား လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - စင်္ကာပူ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ဖိလစ်ပိုင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - အင်ဒိုနီးရှား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ဘရူနိုင်း လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - လပ်ဗီးယား လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ပိုလန် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း၊
- အမျိုးသားလွှတ်တော် မြန်မာ - ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းတို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

လွှတ်တော် အစည်းအဝေးများမှာ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ၊ ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်းနဲ့ ဥပဒေကြမ်းများကို လွှတ်တော် နှစ်ရပ် အပြန်အလှန်ပေးပို့ ဆွေးနွေးခြင်းကိုလည်း စနစ်တကျမှတ်တမ်းမှတ်ရာများဖြင့် ဆောင်ရွက်စေခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှာ နိုင်ငံရေးပါတီ (၁၇)ပါတီနဲ့ တစ်သီးပုဂ္ဂလတို့ရှိပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ အနေနဲ့ မည်သည့် ပါတီ၊ မည်သည့်ကိုယ်စားလှယ်ကိုမဆို တန်းတူအခွင့်အရေးပေးကာ သမာသမတ်ကျပြီး စည်းကမ်းဥပဒေနဲ့ ကိုက်ညီတဲ့ ဦးဆောင်မှုကို ပြတ်သားစွာပေးခဲ့ပါတယ်။

ဒါကြောင့် လွှတ်တော်အတွင်းမှာ ဘာသာစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲမရှိဘဲ နိုင်ငံတော်အကျိုး ဆိုသည့် ရည်မှန်းချက် တစ်ခုတည်းပေါ်မှာ စုစည်းညီညွတ်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဟာ လွှတ်တော်ရဲ့ ထူးခြားတဲ့ အင်္ဂါရပ်တစ်ခုပဲ ဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးများမှာ သဘောထားကွဲလွဲတဲ့ ဆွေးနွေးချက်များ ရှိသော်လည်း တစ်ဦးနှင့်တစ်ဦး အခင်အမင်မပျက်၊ အမျက်ဒေါသမထွက် ဖြူစင်စွာနဲ့ ဆက်ဆံခဲ့ခြင်းဟာ အမျိုးသားလွှတ်တော်ရဲ့ သဘောထားကို ထင်ဟပ်စေခဲ့ပါတယ်။ အမျိုးသား လွှတ်တော်ဟာ တိုင်းရင်းသားများနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ လွှတ်တော်ဖြစ်တဲ့အတွက် တိုင်းရင်းသား များအပေါ် ချစ်ခင်လေးစားတန်ဖိုးထားတတ်စေရန် ရည်ရွယ်ပြီး တိုင်းရင်းသားရိုးရာ ညစာစားပွဲများကို လည်း တိုင်းရင်းသား ကိုယ်စားလှယ်များကို အခါအားလျော်စွာ အလှည့်ကျ ကျင်းပဆောင်ရွက်စေခဲ့ ပါတယ်။

ဒ့ါအပြင် အမျိုးသားလွှတ်တော်မှာရှိတဲ့ ရွေးကောက်ခံ တိုင်းရင်းသားကိုယ်စားလှယ်များရဲ့ ရိုးရာဝတ်စုံများကိုလည်း ရုပ်လုံးများနှင့် အမျိုးသားလွှတ်တော် ဥပစာမှာ ခင်းကျင်းပြသပေးထားခြင်း အားဖြင့် တိုင်းရင်းသားလူမျိုးများရဲ့ ယဥ်ကျေးမှု ဓလေ့ထုံးတမ်း အစဥ်အလာများကို လေးစားတတ်စေရန် ဆောင်ရွက်ပေးခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ အမျိုးသားလွှတ်တော် အစည်း အဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များက မိမိတို့ သိရှိလိုသည်များကို မေးမြန်းခွင့်ရှိပါတယ်။ မေးခွန်းရဲ့ အရေးပါမှု၊ သက်ဆိုင်ရာ မဲဆန္ဒနယ် သို့မဟုတ် အများပြည်သူတို့အတွက် အကျိုးဖြစ်ထွန်းမှု ရှိ၊ မရှိ စတဲ့အချက်များကို ဥက္ကဋ္ဌအနေနဲ့ ချင့်ချိန်စဥ်းစားဝေဖန်ပြီး ခွင့်ပြုခဲ့ပါတယ်။ ဒီလိုမေးခွန်းများ မေးမြန်း၊ ဖြေကြားရာတွင် ဥက္ကဋ္ဌဟာ အထူးပင်ဝါယမ စိုက်ထုတ်ကာ မေးမြန်းသူဘက်ကဖြစ်စေ၊ ဖြေကြား သူဘက် ကဖြစ်စေ တစ်စုံတစ်ရာ အားနည်းချက်၊ မူလရည်ရွယ်ချက်နှင့် ကွဲလွဲချက် သို့မဟုတ် အခြားအဖွဲ့အစည်း၊ ပုဂ္ဂိုလ်တစ်ဦးဦးအား နစ်နာစေခြင်း သို့မဟုတ် အသုံးအနှုန်းမပြေပြစ်ခြင်း၊ လွဲမှားခြင်း စသည်တို့ ဖြစ်ပေါ်လာပါက ချက်ခြင်းပြုပြင်ပေးခြင်း၊ နောင်တွင်ဆင်ခြင်ရန် လမ်းညွှန်ပြောကြားခြင်းတို့ကို ပြုလုပ်ခဲ့ ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေးမှ ယခု(၁၃)ကြိမ်မြောက် ပုံမှန် အစည်း အဝေးကာလအထိ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း (၁၇၂၃) ခုနှင့်

ကြယ်ပွင့်မပြမေးခွန်း (၂၇၆၁)ခုတို့ကို မေးမြန်းခဲ့ပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့် ဖြေကြားခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။

လွှတ်တော် အစည်းအဝေးများမှာ လွှတ်တော်ကိုယ်စားလှယ်များက နှုတ်ဖြင့်မေးမြန်းခွင့်ရသည့် ကြယ်ပွင့်ပြ မေးခွန်းများအနက် မေးခွန်းနှင့် ဖြေကြားချက်များဟာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမယ့် မေးခွန်းနဲ့ ဖြေကြားချက် ဖြစ်တယ်လို့ ဥက္ကဋ္ဌက သတ်မှတ်တဲ့မေးခွန်း (၂၅)ခုရဲ့ မေးမြန်းချက်နှင့် ဖြေကြားချက်များကို နိုင်ငံသားများ သိရှိနိုင်ရေးအတွက် နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရန် လမ်းညွှန်ခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှ ယခု (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအထိ လွှတ်တော်ကိုယ်စားလှယ် (၆၈)ဦးက အဆို(၂၀၆)ခု တင်သွင်းခဲ့ရာ အဆို (၁၃၀)ခု အတည်ပြုနိုင်ခဲ့ပြီး အတည်မပြုသော အဆို(၁၆)ခု၊ မှတ်တမ်းတင် အဆို(၃၃)ခု ဖြစ်ပြီး အဆို (၁၀)ခုကို ရုပ်သိမ်းခဲ့ပါတယ်။

လွှတ်တော်ရဲ့ဓလေ့ထုံးထမ်းအစဉ်အလာ၊ ကျင့်သုံးခဲ့မှုများ၊ လွှတ်တော်တွင်း လုပ်ထုံးလုပ်နည်းဖြစ်စေသည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ မိမိပြောကြားခဲ့သည်များ ရှိပါတယ်။

ဒါနဲ့စပ်လျဉ်းလို့ အသေးစိတ်သိရှိလိုပါက အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်က ပြုစုရေးသားတဲ့ လွှတ်တော် လုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ စာအုပ်မှာ လေ့လာကြည့်ရှုနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား-**

လွှတ်တော်တစ်ရပ်လုံး အရည်အသွေးမြင့်မားပြီး နိုင်ငံတကာ လွှတ်တော်များနည်းတူ ဘက်စုံတိုးတက်စေလိုတဲ့ ဆန္ဒရှိတာနဲ့အညီ ပြည်ထောင်စုလွှတ်တော် နာယကအနေနဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးကို ရည်မှန်းပြီးတော့ စာတမ်းဖတ်ပွဲများ၊ အပြန်အလှန်ဆွေးနွေးပွဲများ (Debate) နှင့် သင်တန်းများ ပြုလုပ်ပေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်/ ပြည်သူ့လွှတ်တော် ရေးရာကော်မတီဝင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများကို ၂၀၁၁ ခုနှစ်၊ မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂၀ ရက်နေ့အထိ (၁၈)ကြိမ် ပြုလုပ်ခဲ့ပြီး တက်ရောက်လာကြသူများက အပြန်အလှန် ဆွေးနွေးခြင်းများပြုလုပ်ခဲ့ကြပါတယ်။ ၎င်းအပြင်ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်အသီးသီးမှပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ကထိကများနှင့် တွဲဘက်ကထိကများကို ဖိတ်ကြားပြီးတော့ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၇ ရက်ကနေ ၉ ရက်နေ့အထိ စာတမ်းဖတ်ကြားဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပါတယ်။ ဒ့ါအပြင် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်) ရေးဆွဲရေးနဲ့ စပ်လျဉ်းပြီး ပညာရှင်တွေကို ဖိတ်ကြားပြီး ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဒ့ါအပြင်လည်း နိုင်ငံရေးစာပေစာရေးဆရာကြီးများ၊ ပညာရှင်များကို ဖိတ်ကြားပြီးတော့ အပြန်အလှန် ဆွေးနွေးခြင်း (၈)ကြိမ်နှင့် ဟောပြောပွဲ (၁)ကြိမ် ပြုလုပ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်မှာ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ မှစပြီး ၂၀၁၅ ခုနှစ်ကုန်အထိ အပြန်အလှန်ဆွေးနွေးပွဲ (Debate) (၃၄)ပွဲကို အမျိုးသားလွှတ်တော် ထမင်းစားခန်းမမှာ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေး နှင့် ဥပဒေ ရေးရာကော်မရှင်မှ ပုဂ္ဂိုလ်များ၊ ပြင်ပပညာရှင်များက ပညာရပ်ဆိုင်ရာ ကဏ္ဍအသီးသီးကို ဆွေးနွေးခဲ့ရာ

- နိုင်ငံ့ရေးရာ ၁၅ ခု
- ပညာရေးဆိုင်ရာ ၁၀ ခု
- နိုင်ငံတကာရေးရာ ၂ ခု
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ၂ ခု
- စီးပွားရေးရာ ၁ ခု
- ယဉ်ကျေးမှုရေးရာ ၁ ခု
- သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ၁ ခု
- လျှပ်စစ်ကဏ္ဍဆိုင်ရာ ၂ ခု

စုစုပေါင်း (၃၄) ပွဲတို့ကို ပညာရှင် (၁၂) ဦးတို့က ဆွေးနွေးခဲ့ကြပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းများကို နိုင်ငံတကာနဲ့ ဆက်ဆံပြောဆိုရာမှာ အရည်အသွေး မြင့်မားစေလိုတဲ့အတွက် အင်္ဂလိပ်စကားပြောနှင့် သဒ္ဒါသင်တန်းများကို နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင်ကနေ ကိုယ်စားလှယ်များအတွက် အခြေခံအင်္ဂလိပ် စကားပြောသင်တန်း (၂) ကြိမ်၊ မွမ်းမံ(၁) ကြိမ်၊ အင်္ဂလိပ်စကားပြောနဲ့ သဒ္ဒါ (၁)ကြိမ်၊ အခြေခံအင်္ဂလိပ် စကားပြောနှင့် သဒ္ဒါသင်တန်း(၁)ကြိမ် စုစုပေါင်း(၅)ကြိမ်၊ အမျိုးသားလွှတ်တော်ဝန်ထမ်းများအတွက် အခြေခံအင်္ဂလိပ်စကားပြော သင်တန်း(၅)ကြိမ်နဲ့ မွမ်းမံသင်တန်း(၃) ကြိမ် ပို့ချပေးခဲ့ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခရီးစဉ်များ-**

ပထမအကြိမ် လွှတ်တော်သက်တမ်း ကာလအတွင်း ပြည်ထောင်စု လွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့အဖြစ် ပြည်ပလွှတ်တော် အဖွဲ့အစည်းများ၏ ဖိတ်ကြားချက်အရ နိုင်ငံပေါင်း(၁၆)နိုင်ငံကို ချစ်ကြည်ရေး ခရီးစဉ်အဖြစ် သွားရောက်ခဲ့ပါတယ်။ ထို့နည်းတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၄၅)ဦးအား ချစ်ကြည်ရေး၊ လေ့လာရေး၊ အစည်းအဝေးနှင့် သင်တန်းတက်ရောက်ရန် အတွက် ပြည်ပနိုင်ငံ (၃၁)နိုင်ငံကို စေလွှတ်ခဲ့ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် လိုအပ်သောသတင်း အချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် သတင်းအချက်အလက်နှင့် ရုံးလုပ်ငန်းအကူအဖွဲ့ကို ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးမှ စတင်ပြီးတော့ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါတယ်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှ(၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ လွှတ်တော်ကိုယ်စားလှယ်(၆၉)ဦးက သတင်းအချက်အလက်(၁၃၉)စောင် မေးမြန်းမှုအပေါ် နိုင်ငံတကာဆက်ဆံရေးနှင့် သုတေသနဌာနမှ အချက်အလက်များ ရှာဖွေပြုစု ဖြေကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ်များအတွက် အထောက်အကူပြုစေတဲ့ သုတေသန စာတမ်းတို (၈)စောင်ကိုလည်း ပြုစု ထုတ်ဝေခဲ့ပါတယ်။ ၎င်းတို့မှာ-

- သုတေသနဝန်ဆောင်မှုလမ်းညွှန်၊
- E-Government အကြောင်းသိကောင်းစရာ၊
- အရှေ့တောင်အာရှနိုင်ငံများ၏ ရေလွှမ်းမိုးမှုကာကွယ်ပုံ နည်းလမ်းများ၊
- နိုင်ငံတကာဆက်ဆံရေးပညာရပ်၏ သဘောသဘာဝ၊
- မြန်မာနိုင်ငံလွှတ်တော်၏ ဥပဒေပြုခြင်းလုပ်ဆောင်ပုံအဆင့်ဆင့်၊
- Computer နှင့် Software များ၏ အခြေခံအချက်များ၊
- ပလတ်စတစ်နှင့် သဘာဝပတ်ဝန်းကျင်အန္တရာယ်၊
- လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု အခြေအနေစတဲ့ စာတမ်းတိုများ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား -**

လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများ အရည်အသွေးမြင့်မားရေးကို ရည်မှန်း၍ အမျိုးသားလွှတ်တော်စာကြည့်တိုက်ကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ လှူဒါန်းတဲ့ မြန်မာဘာသာစာအုပ် ၉၂၀ အုပ်၊ အင်္ဂလိပ်ဘာသာစာအုပ် ၁၅၀ အုပ်၊ မဂ္ဂဇင်း ၂၈၄ အုပ်၊ စုစုပေါင်း ၁၃၅၄ အုပ်ဖြင့် စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ မြန်မာဘာသာစာအုပ် ၈၇၃၃ အုပ်၊ အင်္ဂလိပ်ဘာသာစာအုပ် ၁၇၂၃ အုပ်၊ မဂ္ဂဇင်း ၃၅၇၇ အုပ်နဲ့ စာအုပ်စုစုပေါင်း ၁၄၀၃၃ အုပ်တို့ကို စုဆောင်းထားရှိပါတယ်။ စုဆောင်းထား ရှိသည့် စာအုပ်များအနက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ လှူဒါန်းတဲ့ စာအုပ်များမှာ မြန်မာဘာသာ စာအုပ် ၃၅၄၃ အုပ်၊ အင်္ဂလိပ်ဘာသာစာအုပ် ၇၁၂ အုပ်၊ မဂ္ဂဇင်း ၁၈၄၂ အုပ် စုစုပေါင်း ၆၀၉၇ အုပ်နဲ့ အခြားပုဂ္ဂိုလ်များက လှူဒါန်းသော စာအုပ်များမှာ မြန်မာဘာသာ စာအုပ် ၄၁၀၅ အုပ်၊ အင်္ဂလိပ်ဘာသာ စာအုပ် ၈၇၃ အုပ်၊ မဂ္ဂဇင်း ၁၅၉၇ အုပ်၊ စာအုပ်စုစုပေါင်း ၆၅၇၅ အုပ် ရှိပါတယ်။ ဝယ်ယူထားသော စာအုပ်များမှာ မြန်မာဘာသာစာအုပ် ၁၀၈၅ အုပ်၊ အင်္ဂလိပ်ဘာသာစာအုပ် ၁၃၈ အုပ်၊ မဂ္ဂဇင်း ၁၃၈ အုပ် စာအုပ်စုစုပေါင်း ၁၃၆၁ အုပ် ရှိပါတယ်။

စာကြည့်တိုက်ရှိ စာအုပ်များကို ဘာသာရပ်အလိုက် ခွဲခြားထားရာ မြန်မာဘာသာနဲ့-

| | | | |
|---|---|---|---|
| - | အထွေထွေ | ၃၂၇ | အုပ် |
| - | ဒဿနိကဗေဒနှင့် စိတ်ပညာ | ၆၉၀ | အုပ် |
| - | ဘာသာရေး | ၁၆၈ | အုပ် |
| - | လူမှုရေး၊ နိုင်ငံရေး(ဥပဒေ) | ၂၇၁၂ | အုပ် |
| - | ဘာသာစကား | ၃၄၃ | အုပ် |
| - | သဘာဝသိပ္ပံနှင့်သင်္ချာ | ၈၉ | အုပ် |
| - | အသုံးချသိပ္ပံ(နည်းပညာ/ဆေးပညာ) | ၄၇၁ | အုပ် |
| - | အနုပညာ | ၉၉ | အုပ် |
| - | စာပေပညာ | ၁၅၅၁ | အုပ် |

- ပထဝီပညာနှင့် သမိုင်း ၂၂၈၃ အုပ်

စုစုပေါင်း ၈၇၃၃ အုပ် တို့ ဖြစ်ကြပါတယ်။

အင်္ဂလိပ်ဘာသာအနေနဲ့-

| | | |
|---|---|---|
| - | Generalities | ၄၄ အုပ် |
| - | Philosophy & Psychology | ၆၈ အုပ် |
| - | Religion | ၁၂ အုပ် |
| - | Social Sciences/Political | ၄၇၇ အုပ် |
| - | Language | ၄၃ အုပ် |
| - | Natural Science | ၁၈ အုပ် |
| - | Technology | ၁၀၄ အုပ် |
| - | Art | ၄၇ အုပ် |
| - | Literature | ၂၇၈ အုပ် |
| - | Geography & History | ၆၃၂ အုပ် ဖြစ်ပါတယ်။ |

စုစုပေါင်း ၁၇၂၃ အုပ်နဲ့ မဂ္ဂဇင်းစာအုပ်စုစုပေါင်း ၃၅၇၇ အုပ်ကို အမျိုးသားလွှတ်တော် စာကြည့်တိုက်မှာ ရှိပါတယ်။

အမျိုးသားလွှတ်တော် စာကြည့်တိုက်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန နှင့် UNDP/IPU၊ Bundang Museum၊ Austria Parliament၊ Canada Parliament၊ Switzerland Hluttaw၊ Vietnam Amyotha Hluttaw တို့ကနေ စာအုပ်စာတမ်းများကို လှူဒါန်းခဲ့ပါတယ်။ အမျိုးသားလွှတ်တော် စာကြည့်တိုက်မှာ နေ့စဉ်စာအုပ်ငှားသူ ပျမ်းမျှ ၅၂ ဦးအထိ ရှိပါတယ်။ စာအုပ် အငှားအများဆုံး လွှတ်တော်ကိုယ်စားလှယ်မှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ဒါ့အပြင် နေ့စဉ်ပျမ်းမျှ စာဖတ်သူဦးရေမှာ ၁၃၇ ဦးအထိရှိပြီး စာဖတ်အများဆုံး လွှတ်တော်ကိုယ်စားလှယ်မှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅) မှ ဦးခမ်ဆွင်းမုန် ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား -**

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အကျိုးကို ဆက်လက်သယ်ပိုးနိုင်ကြပါစေကြောင်းနဲ့ ချမ်းသာကိုယ်စိတ်မြဲကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ဆက်လိုက်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၈)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး ပိတ်သိမ်းကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၄း၃၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် သက်တမ်းရဲ့ နောက်ဆုံးအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ၁၄း၃၅ နာရီအချိန်တွင် ရပ်နားပါသည်။]